ရွာသစ်ကုန်းကျေးရွာ

ကျောင်းကုန်းအုပ်စု၊ရွှေတောင်မြို့နယ်

ပဲခူးတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ရွာသစ်ကုန်းကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရွှေတောင်မြို့နယ်၏အကူအညီဖြင့်

ရေးဆွဲပါသည်။)

နိုဝင်ဘာလ၊၂၀၂၂

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(မှတ်ချက်။ အောက်ဖော်ပြပါ ရေးသားမှုမှာ ပြည့်စုံသည်ဟု မမှတ်ယူရန် မေတ္တာရပ်ခံပါသည်။ နမူနာမျှသာ ရေးပြထားခြင်းဖြစ်ပါသည်။ လူမှုစီးပွားအခြေပြဇယားများ (၂၅ ဇယား သို့မဟုတ် ၄၈ ဇယား) ကို သုံးသပ်၍ ရေးမှ ပိုမိုပြည့်စုံစွာ သုံးသပ်ရေးသားနိုင်ပါမည်။ ဖွံ့ဖြိုးရေးဗျူဟာဇယားကို သုံးသပ်၍ ရေးရန်လည်း လိုအပ်ပါသေးသည်။)

၁။ တည်နေရာနှင့်ပထဝီအနေအထား

ရွာသစ်ကုန်းကျေးရွာသည် အရှေ့နှင့်အနောက် ရွာတန်း(၁)တန်းရှိပါသည်။ ရွာ၏အနောက်ဘက်တွင် ရွာသစ်ကုန်း အခြေခံပညာ မူလတန်းကျောင်းနှင့် ရွာသူ/သားများ တည်ထားကိုးကွယ်သော စေတီနှင့်ဘုန်းကြီးကျောင်းရှိပါသည်။

ရွာ၏အရှေ့ဘက်တွင် လယ်ခင်းများနှင့် ရွာရေစီးဝင်သော ချောင်းရှိပါသည်။ ချောင်း၏ နံဘေးတွင် နတ်စင်ရှိပါသည်။ အဓိကလုပ်ငန်း မှာ လယ်ဖြစ်ပြီး ယာခင်းများလည်း လုပ်ကိုင်စား သောက်ကြပါသည်။ရာသီဥတုမှိုခို စားသုံးလုပ်ကိုင်နေရသော တောင်သူ လယ်သမားဖြစ်သည့်အတွက်ကြောင့်ရာသီဥတုမကောင်းသောနှစ်များတွင်စီးပွားရေးကျဆင်း မှုကိုခံစားရပါသည်။

ကျေးလက်ဖွံ့ဖြိုးရေးအနေနှင့်လမ်းခင်းခြင်းများ ပြုပြင်ခြင်းများ၊မီးရရှိရေးများလည်း ကျေးရွာမှ အလေးထားဆောင်ရွက်နေပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ရာသီဥတုအနေအထားမှာ သင့်တင့်မျှတသော အနေအထားတွင် ရှိပါသည်။ တပေါင်း တန်ခူးနှင့် ကဆုန်လများတွင် ပူပြင်းသော ရာသီဥတုဒဏ်ကို ခံစားရပါသည်။ နယုန်လနှင့် ဝါဆိုလများတွင် မိုးဖွဲဖွဲရွာသွန်းမှုကြောင့် လေးပြင်းတိုက်ခိုက်မှုများလည်းရှိပါသည်။

နယုန်လတွင် စပါးပျိုးထောင်ပြီး ဝါဆိုလတွင်စပါးစိုက်ကြသည့် မြေပဲစိုက်ခင်းများ ထိုလတွင်စိုက်ပျိုးကြသည်။ နတ်တော်လနှင့် ပြာသိုလ်လများတွင် စပါးပြန်လည်ရိတ် သိမ်းကြပါသည်။ မြေပဲခင်းများလည်း ပြန်လည်တူးဖော်ရပါသည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ဖွံ့ဖြိုးရေးဆိုင်ရာ အခြေအနေကတော့ လမ်းပန်းဆက်သွယ်မှု အားနည်းသောကြောင့် ဖွံ့ဖြိုးမှုအားနည်းပါသည်။ယခု၂၀၂၁-၂၀၂၂ ခုနှစ်သို့ ရောက်ရှိလာမှကျေးလက်နှင့်ကျေးရွာသူ/ သားများပူးပေါင်း၍ ကျေးရွာ၏ လမ်းကောင်းမွန်ရေးအတွက် ဆက်လက်အကောင် အထည်ဖော်ဆောင်ရွက်ကြပြီး တစ်ညီတစ်ညွတ်ထဲကြို့ပမ်းလုပ်ကိုင်လျှက်ရှိပါသည်။

(၄) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က)သီးနှံစိုက်ပျိုးရေး

စီးပွားရေးအခြေအနေအရလယ်ကိုသာ အဓိကလုပ်ကိုင်စားသောက်ရပါသည်။ ရာသီဥတု ပုံမှန်မဟုတ်ခြင်းကြောင့် လုပ်စားမြေများ မအောင်မြင်ခြင်းများလည်းရှိပါသည်။ မြေပဲခင်းများလည်း အဆင်ပြေသောနှစ်များရှိသလို အဆင်မပြေသောနှစ်များလည်းရှိပါသည်။ စီးပွားရေး အခြေအနေမှာ သင့်တင့်မျှတမှုသာရှိပါသည်။

အသက်မွေးဝမ်းကျောင်းအနေနှင့် တိရစ္ဆာန်များကို တနိုင်တပိုင် မွေးမြူကြပါသည်။ ဘဏ်နှင့်ချေးငွေဆိုင်ရာ ဝန်ဆောင်မှုများလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ကူညီဆောင်ရွက် အကောင်အထည်ဖော်လျှက်ရှိပါသည်။

(ခ)မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင်မွေးမြူရေးကိုတစ်နိုင်တစ်ပိုင်မွေးမြူကြသည်။

(ဂ)ငါးလုပ်ငန်း

ငါးမွေးမြူရန်အတွက်ရေနှင့်မြေနေရာအဆင်မပြေခြင်းငါးမျိုးများလက်လှမ်းမှီမှုမရှိခြင်း တို့ကြောင့် ငါးမွေးမြူရေးလုပ်ငန်းမရှိပါ။

(ဃ)စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင်ကုန်စိမ်း၊ကုန်ခြောက်၊ဈေးဆိုင်နှင့် စက်ချုပ်လုပ်ငန်း လုပ်ကိုင်သူများသာရှိသည်။ကျေးရွာတွင်အလုပ်လုပ်နိုင်သူအများအပြားရှိပြီးအသက်မွေးဝမ်းကျောင်းပညာတက်မြောက်မှုအားနည်း၍လုပ်ငန်းခွင်သုံးပညာအရည်အချင်းများနိမ့်ကျပြီးကျွမ်းကျင်မှုကိုအခြေခံသည့်အလုပ်အကိုင်ရရှိမှုအားနည်းသော်ကြောင့်နေစားခသာရရှိပါသည်။ လူငယ်များ အလုပ်အကိုင် ရှားပါးမှုကြောင့်ပြည်ပနှင့် အခြားဒေသများသို့ သွားရောက်လုပ်ကိုင်ကြရသည်။ ထို့ကြောင့် ကုန်သွယ်မှုအဆင်ပြေစေရန်ကျေးလက်လမ်းများကောင်းမွန်ရန်လိုအပ်ပါသည်။

(၈)ဘဏ်နှင့်ငွေချေးဆိုင်ရာဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှုအနေဖြင့် ထောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေ ကို စပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပါသည်။ တောင်သူလယ် သမားများသာမကဘဲ အသေးစားစီးပွားရေးလုပ်ငန်းများ ထူထောင်ရန် ချေးငွေဝန်ဆောင်မှုများ လိုအပ်ပါသည်။

၅။ အခြေခံအဆောက်အဦးနှင့်ပန်ဆောင်မှုများ

ကျောင်းကုန်းအုပ်စု၊ကျောင်းကုန်းကျေးရွာတွင် နှစ်စဉ်မိုးတွင်းကာလရောက်တိုင်း မိုးသည်းထန်မှုနှင့် လေပြင်းတိုက်ခက်မှုတို့ကြောင့် သစ်သားအိမ်များကို ဆောက်လုပ်၍ နေထိုင်စားသောက်ကြပါသည်။ ကြီးမားသော အဆောက်အဦကတော့ နိုင်ငံတော်မှ ချမှတ် တည်ဆောက်ထားသော (အ.မ.က) စာသင်ကျောင်းသာ တည်ရှိပါသည်။

(၆)ပညာရေး

ပညာရေးအခြေအနေအရ ရွာတွင် (အ.မ.က) စာသင်ကျောင်းတစ်ကျောင်းသာတည် ရှိသောကြောင့် မကျီးပေါက်ကုန်း(အ.ထ.က)နှင့် ကံသုံးဆင့်(အ.ထ.က)သို့သွားရောက်သင် ကြားရပါသည်။ ကျောင်းသားဦးရေ ကျား(၃)နှင့်မ(၄) မရှိပါ။ အလယ်တန်းတွင်ကျား(၁) မ မရှိပါ။ အထက်တန်းကျောင်းတွင် ကျား(၁)မ(၁)သာရှိသည်။ အလယ်တန်းနှင့်အထက်တန်း သို့စက်ဘီးများနှင့် သွားရောက်ပညာသင်ကြားရပါသည်။

(၇)ကျန်းမာရေး

ကျန်းမာရေးနှင့်ပတ်သက်၍ ကျေးလက်ကျန်းမာရေးဌာနခွဲမှ လာရောက်၍ ဆေးစစ် ပေးခြင်း ကျန်းမာရေးဟောပြောပွဲ ပြုလုပ်ခြင်း၊တိုက်နယ်ဆေးရုံမှ ဆရာဝန်များနှင့်အဖွဲ့မှ ဆေးခန်းအခမဲ့ဖွင့်ခြင်း၊အုပ်စုတွင်း ကျန်းမာရေးဌာနခွဲမှ ကျောင်းကျန်းမာရေးနှင့်ကိုယ်ဝန် ဆောင်မိခင်များနှင့် ကလေးများလစဉ်ကာကွယ်ဆေးထိုးခြင်းများပြုလုပ်ပါသည်။

တိုက်နယ်ပြည်သူ့ဆေးရုံနှင့်လည်း (၃)မိုင်လောက်သာဝေးပါသည်။

(၈)ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဘေးအန္တရာယ်အနေနှင့်မုန်တိုင်းများတိုက်ခက်မှုအနည်းငယ်ရှိပါသည်။ နေအိမ်များပြုကျခြင်း၊ရေကြီးခြင်း၊ရေနှစ်မြုပ်မှုများမရှိပါ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအနေဖြင့် ကူညီဆောင်ရွက်မှု မတောင်းခံရပါ။

(၉)ကျားမရေးရာ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အမျိုးသားများနှင့်အတူ အမျိုးသမီးများလည်း ပူးပေါင်းပါဝင်ဆောင်ရွက်သောကြောင့် တိုးတက်အောင်မြင်ကြပါသည်။

(၁၀)ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာဦးစားပေးအစီအစဉ်များကို၎ယားဖြင့်ဖော်ပြထားပြီးကျေးရွာလူထုမှအမှတ်ပေးစနစ်ဖြင့် ကျေးရွာလုံးကျွတ်အစည်းအဝေးတွင် ဦးစားပေးအစီအစဉ်များကို ဖော်ပြထားပြီး ဖြစ်ပါသည်။အချို့စီမံချက်များကိုအကောင်အထည်ဖော်ရာတွင်မြို့နယ်အဆင့် ဌာနဆိုင်ရာများ နှင့် အခြားလူမှုအဖွဲ့အစည်းများထံမှ နည်းပညာ အကူအညီများ ရရှိရန်လိုအပ်ပါသည်။ ကျေးရွာဖွံ့ ဖြိုးရေးအစည်းအဝေးတွင် သဘောတူသက်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ ကျေးရွာတွင်းလမ်းပြုပြင်ရန်ဖြစ်ပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	အခြေခံအဆောက်အဦး	ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းဆောင်ရွက်မည်။	၁
၂	အခြေခံအဆောက်အဦး	ဆေးပေးခန်းအဆောက်အဦဆောင်ရွက်ရန်	၂
၃	ငွေကြေး	ချေးငွေရယူဆောင်ရွက်ရန်	၃
၄	အသက်မွေးဝမ်းကျောင်း	အသက်မွေးဝမ်းကျောင်းအတက်ပညာသင်တန်းများဆောင်ရွက်ရန်	၄
၅	စိုက်ပျိုးရေး	စိုက်ပျိုးရေး၊မွေးမြူရေးပညာပေးသင်တန်းများဆောင်ရွက်ရန်	၅

နောက်ဆက်တွဲ (၁)

ဖွံ့ဖြိုးရေးဗျူဟာ ဇယား

စဉ်	လက်ရှိအခြေအနေ အခက်အခဲပြဿနာ	အခက်အခဲပြဿနာဖြစ်စေသော အကြောင်းအရင်း	ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်မည့် အခြေအနေကောင်းများ	အတားအဆီး အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြစ်နိုင်ဖွယ်ရာအဖြေ ရှင်းရန်နည်းလမ်း များ	အကောင်အထည်ဖော်ရန် စီမံချက်နှင့်လုပ်ငန်းများ
၁	သီးနှံအထွက်နှုန်း နည်းပါးခြင်း	မျိုးကောင်းမျိုးသန့် နှင့် စိုက်ပျိုးရေးနည်း ပညာနည်းပါးခြင်း	လူအင်အားရှိခြင်း	ငွေကြေးလုံလောက်မှုမရှိခြင်း	မျိုးကောင်းမျိုးသန့်နှင့် စိုက်ပျိုးရေးနည်းပညာ ရရှိအောင်ဆောင်ရွက်မည်။	သက်ဆိုင်ရာနှင့်ပူးပေါင်း၍ မျိုးကောင်းမျိုးသန့်နှင့် စိုက်ပျိုးရေးနည်းပညာကောင်းများရရှိ အောင်ဆောင်ရွက်မည်။
၂	လျှပ်စစ်မီးရလို မှု	ဘေးပတ်ဝန်းကျင်ကျေး ရွာများ မီးလင်း နေခြင်း	လူအင်အားရှိခြင်း	ငွေကြေးထည့်ဝင်မှုနည်း ပါးခြင်း	မီးရရှိအောင်ဆောင်ရွက် မည်	သက်ဆိုင်ရာလျှပ်စစ်ဌာနနှင့် ပူးပေါင်း၍ မီးရရှိအောင်ဆောင် ရွက်မည်
၃	ဆင်းရဲနွမ်းပါး ခြင်း	ဝင်ငွေနည်းပါး၍ ပုံမှန် အလုပ်မရှိခြင်း	လုပ်အားရှိခြင်း	အရင်းနှီး မရှိခြင်း	အသေးစားချေးငွေ ရရှိ အောင်ဆောင်ရွက်ရန်	အသေးစားချေးငွေရရှိအောင် သက်ဆိုင်ရာနှင့် ပူးပေါင်း ဆောင်ရွက်မည်။
၄	ချောင်းတူး ဖော်လိုခြင်း	ချောင်းကောက်စပါး စိုက်ခင်းများရေနစ် ခြင်း		ငွေကြေးမလုံလောက်ခြင်း	ချောင်းတူးဖော်ခြင်း ဆောင်ရွက်ရန်	သက်ဆိုင်ရာနှင့် ပူးပေါင်း၍ ချောင်းတူးဖော်ခြင်းဆောင်ရွက် မည်။
၅	သောက်ရေသန့်ရ လိုမှု	သောက်ရေသန့်မ ကောင်းခြင်း	ရေရရှိရန်လွယ်ကူခြင်း		သောက်ရေသန့်ရရှိ ၅၅အောင် ဆောင်ရွက်မည်	သက်ဆိုင်ရာနှင့် ပူးပေါင်း၍ သောက်ရေသန့်ရရှိအောင် ဆောင်ရွက်မည်

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူအရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်		၁	၁		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်		၃	၃		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၂	၄	၆		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၂	၁	၃		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၃၁	၂၆	၅၇		
၆၅ နှစ် နှင့်အထက်	သက်ကြီးရွယ်ကြီး	၆	၅	၁၁		
စုစုပေါင်း				၈၁		
စုစုပေါင်း အိမ်ထောင်စု						

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ ၉နှစ် ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ် မှ ၁၄နှစ် ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ် မှ၆၄ နှစ် ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက် ၆၅ နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ် များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ အသက်(၆၅)နှစ်အထက် (၃၅ %)တွေ့ရှိရပါသည်။